# တော ( ၄၀ ) ရှုနည်း

## အနိစ္စလက္ခဏာ (၁၀)ချက်

| | | |
|---|---|---|
| ၁။ | အနိစ္စတော- အနိစ္စံ | မမြဲခြင်းသဘောမရှိ။ |
| ၂။ | ပလောကတော-ပလောကံ | ပျက်ခြင်းသဘောရှိ၏။ (အလွန်ပျက်၏) |
| ၃။ | စလတော- စလံ | မတည်ကြည် မဝံ့စား ရွေ့လျားလှုပ်တတ်၏။ |
| ၄။ | ပဘင်္ဂုတော-ပဘင်္ဂုံ | ဖရိုဖရဲ ပြိုကွဲပျက်စီးခြင်း သဘောရှိ၏(ပျက်လွယ်၏) |
| ၅။ | အဒ္ဓုဝတော-အဒ္ဓုဝံ | ခိုင်မာခြင်း သဘောမရှိ (မခိုင်ခန့်) |
| ၆။ | ဝိပရိဏာမဓမ္မတော-ဝိပရိဏာမဓမ္မံ | ဖောက်ပြန်ခြင်း သဘောရှိ၏။ ဥပါဒ်သဘောမှ ဋီသဘော<br>မရဏာသို့ပြောင်းခြင်းကို ဆိုလိုသည်။ |
| ၇။ | အသာရကတော-အသာရကံ | ခိုင်မာသည့် အနှစ်သာရမရှိ။ |
| ၈။ | ဝိဘဝတော-ဝိဘဝံ | ဆုံးရှုံးခြင်း သဘောရှိ၏။<br>(ကြီးပွားစည်ပင်ခြင်း ကင်းသည်။) |
| ၉။ | မရဏဓမ္မတော-မရဏဓမ္မံ | မစွ-သေခြင်း၊(ပျက်ခြင်း) သဘောရှိ၏။ |
| ၁၀။ | သင်္ခတတော-သင်္ခတံ | အကြောင်းတရားတို့သည် အဖန်ဖန်အထပ်ထပ်<br>ပြုပြင်အပ်သောသဘောရှိ၏။ (ပေါင်း၍ပြုအပ်သည်) |

## ဒုက္ခလက္ခဏာ (၂၅)ချက်

| | | |
|---|---|---|
| ၁။ | ဒုက္ခတော-ဒုက္ခံ | ယုတ်မာညစ်ဆိုး ဆင်းရဲသည့် ဒုက္ခမျိုးသာတည်း။<br>ဒုက္ခဝေဒနာ= ဒုက္ခဒုက္ခ<br>သုခဝေဒနာ=ဝိပရိဏာမဒုက္ခ(တည်နေခိုက် သုခ၊ ပျက်စီးခိုက် ဒုက္ခ၊<br>ဥပေက္ခာဝေဒနာ=ဝေဒနာမှကြွင်းသော ရုပ်နာမ်=သင်္ခါရဒုက္ခ၊ |
| ၂။ | ရောဂတော-ရောဂံ | နာကျင်ညစ်ဆိုး ရောဂါမျိုးသာတည်း။ |
| ၃။ | အဃတော-အဃံ | အကျိုးယုတ် အကျိုးမဲ့မျိုးသာတည်း။ (မကောင်းမှု) |
| ၄။ | ဂဏ္ဍတော-ဂဏ္ဍံ | မဖွယ်ရုပ်ဆင်း ထွက်မြင်းအနာမျိုးသာတည်း။ (အိုင်းအမာ) |
| ၅။ | သလ္လတော-သလ္လံ | စူးဝင်ညစ်ဆိုး မြှားငြောင့်မျိုးသာတည်း။ |
| ၆။ | အာဗာဓတော-အာဗာဓံ | နှိပ်စက်လွှမ်းမိုး အနာမျိုးသာတည်။ (ဖျားနာ) |
| ၇။ | ဥပဒ္ဒဝတော-ဥပဒ္ဒဝံ | လွန်စွာကပ်ရပ် နှိပ်စက်တတ်သော ဥပါဒ်မျိုးသာတည်း။ |
| ၈။ | ဘယတော-ဘယံ | ကြောက်ဖွယ်ညစ်ဆိုး ဘေးရန်မျိုးသာတည်။ (ဘေး) |
| ၉။ | ဤတိတော-ဤတိ | ထိပ်လန့်စဖွယ် အန္တရာယ်မျိုးသာတည်း။ (ထိပ်လန့်စဖွယ်ဘေးရန်) |
| ၁၀။ | ဥပသဂ္ဂတော-ဥပသဂ္ဂံ | တွယ်တာစွဲကပ် နှိပ်စက်တတ်သော ဥပါဒ်မျိုးသာတည်း။<br>(ကပ်ငြိသော အနှောက်အယှက်) |
| ၁၁။ | အတာဏတော-အတာဏံ | စောင့်ရှောက်မဲ့ကင်းဘေး၏အသင်းသာတည်း။(မစောင့်ရှောက်တတ်) |

| | | |
|---|---|---|
| ၁၂။ | အလေဏဏတော-အလေဏံ | မှီခိုရာမဲ့ကင်း ဘေး၏အသင်းသာတည်း။ (ပုန်းအောင်းရာမဟုတ်) |
| ၁၃။ | အသရဏတော-အသရဏံ | ကိုးကွယ်ရာမဲ့ကင်း ဘေး၏အသင်းသာတည်း။(ကိုးကွယ်ရာမဟုတ်) |
| ၁၄။ | ဝဓကတော-ဝဓကံ | နာရီမလပ် အတွင်သတ်သည့် လူသတ်မျိုးရှိုးသာတည်း။ (လူသတ်သမား) |
| ၁၅။ | အဃမူလတော-အဃမူလံ | အကျိုးမဲ့ကင်း ဆင်းရဲခြင်း၏ အရင်းအမြစ်သာတည်း။ (မကောင်းမှု၏ အရင်းအမြစ်) |
| ၁၆။ | အာဒီနဝတော-အာဒီနဝံ | ဆိုးဝါးညစ်ညူ အပြစ်စုသာတည်း။ |
| ၁၇။ | သာသဝတော-သာသဝံ | အာသဝေါတရား လေးပါးတို့၏ အစီးအပွားသာတည်း။ (အာသဝေါတရားတို့နှင့် တကွဖြစ်သည်) |
| ၁၈။ | မာရာမိသတော-မာရာမိသံ | ကိလေသမာရ် မစ္စုမာရ်တို့၏ (၄) ဒေဝပုတ္တ၊ ကိလေသ၊ ခန္ဓ၊ မစ္စု၊ အဘိသင်္ခါရမာရ်ငါးပါးတို့၏ (မဟာဋီကာ) စားဖတ် ဝါးဖတ် သုံးသပ်နင်းနယ်ရာတည်း။(လူသတ်သမား မာရ်တို့၏သတ်ရာအစာ) |
| ၁၉။ | ဇာတိဓမ္မတော-ဇာတိဓမ္မံ | ဖြစ်ချင်တိုင်း ဖြစ်ခြင်းသဘောရှိ၏။ (ဥပါဒ်သဘော) |
| ၂၀။ | ဇရာဓမ္မတော-ဇရာဓမ္မံ | ဆုတ်ယုတ်လျော့ပါးခြင်း သဘောရှိ၏။ ( ဌီသဘော ) |
| ၂၁။ | ဗျာဓိဓမ္မတော-ဗျာဓိဓမ္မံ | ဖျားနာခြင်း သဘောရှိ၏။ (ဘင်သဘော) |
| ၂၂။ | သောကဓမ္မတော-သောကဓမ္မံ | စိုးရိမ်ပူပန်ခြင်း သဘောရှိ၏။ |
| ၂၃။ | ပရိဒေဝဓမ္မတော-ပရိဒေဝံ | ငိုကြွေးမြည်တမ်းရခြင်း သဘောရှိ၏။ |
| ၂၄။ | ဥပါယာသဓမ္မတော-ဥပါယာသံ | သက်ကြီးရှိုက်ငင် ပြင်းစွာပူပန်ရခြင်း သဘောရှိ၏။ |
| ၂၅။ | သံကိလေသိကဓမ္မတော-သံကိလေသိကဓမ္မံ-သံကိလေသ သဘာဝကံ | တဏှာ ဒိဋ္ဌိ ဒုစ္စရိတတည်းဟူသော ညစ်နွမ်းခြင်းသုံးပါးကို၊ (ဝါ) ကိလေသာဆယ်ပါးဟူသော ညစ်နွမ်းခြင်းကို ပျက်စီးစေတတ်သော သဘောရှိ၏။ (ကိလေသာတို့၏ စွဲမှီရာအာရုံသဘော) |

## အနတ္တလက္ခဏာ (၅) ပါး

| | | |
|---|---|---|
| ၁။ | အနတ္တတော= အနတ္တာ | အတ္တမဟုတ်။ |
| ၂။ | သုညတော=သုညံ | အတ္တမှ ဆိတ်သုဉ်း၏။ |
| ၃။ | ပရတော=ပရံ | အကျွမ်းဝင်ခြင်း အမြဲကင်းသော သူစိမ်းပြင်ပသာတည်း။ |
| ၄။ | ရိတ္တတော=ရိတ္တံ | အနှစ်သာရဟူသမျှနှင့် ကင်းဆိတ်သော သဘောတရားတည်း။ |
| ၅။ | တုစ္ဆတော=တုစ္ဆံ | အတ္တမမှီ အချည်းသာတည်း။ |

*ပဋိသမ္ဘိဒါမဂ္ဂ၊၄၁၀၊ဝိသုဒ္ဓိ၊၂၊၂၄၆*